# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်(အယူခံတရားရုံး)၏ စီရင်ချက်အမှတ်(၁၃၂၈/၂၀၂၃)ကို လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | နိုင်ငံအကြောင်းအကျဉ်းချုပ် | ၁ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေ | ၃ |
| ၄။ | ဖွဲ့စည်းပုံအခြေခံဥပဒေ၏အဓိကအချက်များ | ၃ |
| ၅။ | နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ | ၃ |
| ၆။ | နိုင်ငံတော်အာဏာများခွဲဝေကျင့်သုံးပုံ | ၄ |
| ၆။ | အုပ်ချုပ်ရေး | ၄ |
| ၇။ | ဥပဒေပြုရေး | ၅ |
| ၈။ | တရားစီရင်ရေး | ၆ |
| ၉။ | တရားလွှတ်တော်ချုပ်၏စီရင်ပိုင်ခွင့်များ | ၆ |
| ၁၀။ | စီရင်ချက်များ၏စည်းနှောင်မှုရှိခြင်း | ၇ |
| ၁၁။ | အခြားတရားရုံးများ | ၇ |
| ၁၂။ | စီရင်ချက်ကိုတင်ပြခြင်း | ၉ |
| ၁၃။ | လေ့လာတင်ပြချက် | ၁၇ |
| ၁၄။ | မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်လေ့လာတင်ပြချက် | ၁၉ |
| ၁၅။ | နိဂုံး | ၂၁ |
| ၁၆။ | ကျမ်းကိုးစာရင်း | ၂၂ |

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်(အယူခံတရားရုံး)၏

## စီရင်ချက်အမှတ်(၁၃၂၈/၂၀၂၃)ကို လေ့လာတင်ပြခြင်း

### နိဒါန်း

၁။ ဤစာတမ်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်၊ အယူခံတရားရုံး၏ စီရင်ချက်တစ်ခုကိုလေ့လာ တင်ပြသောစာတမ်းဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ထုတ်ဝေခဲ့သော ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ(၂)တွင် ပါရှိခဲ့ပြီးဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် Common Law Legal System ကို ကျင့်သုံးသောနိုင်ငံဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတည်ထောင်ထားမှုမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားကိစ္စရပ်များကို တရားလွှတ်တော်ချုပ်ကသာ စီရင်ဆုံးဖြတ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် The Association of Asian Constitutional Courts and Equivalent Institutions(AACC) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်ခဲ့သောအမှုများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သောအမှုကို ရွေးချယ်တင်ပြထားပါသည်။

### နိုင်ငံအကြောင်းအကျဉ်းချုပ်

၂။ ဘင်္ဂလားဒေ့ရှ်ပြည့်သူ့သမ္မတနိုင်ငံသည် တောင်အာရှဒေသတွင်ရှိပြီး မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့တောင်ဘက်တွင် မြန်မာနိုင်ငံ၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိသည်။ နိုင်ငံဧရိယာအကျယ်အဝန်းမှာ ၁၄၈၄၆၀ စတုရန်းကီလိုမီတာကျယ်ဝန်းကာ[1] လူဦးရေအားဖြင့် ၂၀၂၄ ခုနှစ်စာရင်းအရ ၁၆၈၁၂၀၀၀၀ (၁၆၈ သန်းကျော်)ရှိသည်။[2] မြန်မာနိုင်ငံ၏ ဧရိယာအကျယ်အဝန်းသည် ၆၇၆၅၇၈ စတုရန်းကီလိုမီတာကျယ်ဝန်းသဖြင့် နိုင်ငံအကျယ်အဝန်းအနေဖြင့် မြန်မာနိုင်ငံထက်သေးငယ်သော်လည်း လူဦးရေမှာ မြန်မာနိုင်ငံထက် သန်းတစ်ရာကျော်ပိုများသောနိုင်ငံဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အဋ္ဌမမြောက်လူဦးရေအများဆုံးနိုင်ငံဖြစ်

[1] https://en.wikipedia.org/wiki/Bangladesh
[2] https://www.britannica.com/place/Bangladesh/Education

သည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နယ်နိမိတ်ချင်း ၁၅၂ မိုင်ထိစပ်လျက်ရှိပါသည်။[3] နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ ဘင်္ဂလီ(Bengali)လူမျိုးများဖြစ်ကြသည်။ နိုင်ငံတော်ဘာသာစကားမှာ Bengali(Bangal) ဘာသာစကားဖြစ်သည်။ အစ္စလာမ်(Islam)ဘာသာကို အများဆုံးကိုးကွယ်ကြပြီး နိုင်ငံတော်ဘာသာအဖြစ်သတ်မှတ်ထားသည်။ အစ္စလာမ်ဘာသာ ကိုးကွယ်မှု ၉၁.၁ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်မှု ၈ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာကိုးကွယ်မှု ၀.၆ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာနှင့် အခြားဘာသာကိုးကွယ်မှု ၀.၃ ရာခိုင်နှုန်းရှိသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် မိုးရွာသွန်းမှုများသော မုတ်သုန်ရာသီဥတုမျိုးရှိသည်။ ကျောက်မီးသွေး၊ ဂက်စ်၊ ထုံးကျောက်စသည့် တွင်းထွက်ပစ္စည်းများထွက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းတို့ဖြင့် နိုင်ငံ့စီးပွားရေးကို အဓိက အားထားလျက်ရှိသည်။[4] တာကာငွေကို သုံးစွဲပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် တိုင်း ၈ တိုင်းနှင့် ခရိုင် ၆၄ ခရိုင်ရှိသည်။ နိုင်ငံ၏မြို့တော်မှာ ဒါကာမြို့(Dhaka)ဖြစ်ပြီး နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်ပါသည်။ ဒုတိယအကြီးဆုံးမြို့မှာ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော စစ်တကောင်းမြို့ဖြစ်ပါသည်။




**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမြေပုံ**

---

[3] https://www.commerce.gov.mm/my/node/1

[4] https://www.earth-site.co.uk/Education/natural-resources-of-bangladesh-

# ဖွဲ့စည်းပုံအခြေခံဥပဒေ

၃။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံကိုကျင့်သုံးလျက်ရှိပြီး ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေကို ၁၉၈၆ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ပြင်ဆင်မှုများပြုလုပ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိဒါန်း၊ အပိုင်း ၁၃ ပိုင်း၊ အပိုဒ်ပေါင်း ၁၅၃ ခု၊ ဇယား ၇ ခုပါ ရှိသည်။




## ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအချက်များ

၅။ နိုင်ငံ၏အာဏာအရပ်ရပ်ကို ဘင်္ဂလားဒေ့ရှ်ပြည်သူများက ပိုင်ဆိုင်ကြောင်း၊ ပြည်သူများ၏ဆန္ဒအရ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေအားလုံး၏ အဓိပတိဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော မည်သည့်ဥပဒေမဆို မညီညွတ်သည့် အတိုင်းအတာအလျောက် ပျက်ပြယ်မည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇ (Supremacy of the Constitution)တွင် ဖော်ပြပြဋ္ဌာန်းထားသည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရာတွင် တန်းတူညီမျှစွာရှိကြပြီး ဥပဒေ၏အကာအကွယ်ပေးမှုကိုလည်း အညီအမျှရရှိစေရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၇ တွင် ပြဋ္ဌာန်းထားသည်။

## နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ

၄။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် တစ်ပြည်ထောင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။[5] သမ္မတဦးဆောင်သော ပါလီမန်စနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံဖြစ်သည်။ သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ လွှတ်တော်တစ်ရပ်နှင့် တရားစီရင်ရေး အဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသည်။

[5] Article 1 of the Constitution of Bangladesh

## နိုင်ငံတော်အာဏာများကို ခွဲဝေကျင့်သုံးပုံ

၅။ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ ဥပဒေပြုလွှတ်တော်နှင့် တရားရုံးများ က နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးကြပါသည်။

## အုပ်ချုပ်ရေး

၆။ **နိုင်ငံတော်သမ္မတ**။[6] နိုင်ငံတော်သမ္မတကို လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကအပ်နှင်းထားသော တာဝန်နှင့်အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ပါသည်။ သမ္မတအဖြစ် ရွေးကောက်ခံမည့်ပုဂ္ဂိုလ်သည် အနည်းဆုံး အသက် ၃၅ နှစ် ပြည့်ပြီးသူ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူဖြစ်ရမည်ဖြစ်ပြီး စွပ်စွဲပြစ်တင်ခြင်းခံရ၍ရာထူးမှ ထုတ်ပယ်ခြင်းခံရဖူးသူ မဖြစ်စေရပေ။ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းမှာ သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်ပြီး ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆက်တိုက်တာဝန်ထမ်းဆောင်ခွင့်မရှိကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေအပိုဒ် ၅၀ အပိုဒ်ခွဲ(၂)တွင် ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်သမ္မတသည် လက်နက်ကိုင်တပ်ဖွဲ့များ(Armed Forces)၏ အကြီးအကဲလည်းဖြစ်သည်။[7] လက်ရှိ နိုင်ငံတော်သမ္မတမှာ Mohammed Shahabuddin ဖြစ်ပြီး ၂၀၂၃ ခုနှစ်မှစတင်ကာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

၇။ **ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့**။[8] ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့တစ်ရပ်ရှိပြီး နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ကကျင့်သုံး ဆောင်ရွက်ပါသည်။ အစိုးရအဖွဲ့သည် လွှတ်တော်ကို တာဝန်ခံရပါသည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော်သမ္မတအမည်ဖြင့် ဆောင်ရွက်ရသည်။ လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဝန်ကြီးချုပ်အဖြစ် နိုင်ငံတော်သမ္မတကခန့်အပ်ပါသည်။ ဝန်ကြီးများကိုလည်း နိုင်ငံတော်သမ္မတကခန့်အပ်ပါသည်။ လက်ရှိ

[6] Article 48 of the Constitution of Bangladesh

[7] SCHEDULE 7 of the Constitution of Bangladesh

[8] Article 55 of the Constitution of Bangladesh

ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေသူမှာ Dr.Muhammad Yunus ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

၈။ **ရှေ့နေချုပ်**။[9] တရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး၏အရည်အချင်းနှင့်ပြည့်စုံသူတစ်ဦးကို ရှေ့နေချုပ်အဖြစ် နိုင်ငံတော်သမ္မတက ခန့်အပ်ပါသည်။ ရှေ့နေချုပ်သည် နိုင်ငံတော်သမ္မတကပေးအပ်သောတာဝန်များကို ထမ်းဆောင်ရသည်။ ရှေ့နေချုပ်သည် ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးအားလုံးတွင် လိုက်ပါ ထမ်းဆောင်ခွင့်ရှိပါသည်။

## ဥပဒေပြုရေး

၉။ ဥပဒေပြုရေးအာဏာကို တစ်ရပ်တည်းသောလွှတ်တော်ဖြစ်သည့် အမျိုးသားလွှတ်တော် (House of the Nation)ကို အပ်နှင်းထားပါသည်။ လွှတ်တော်သက်တမ်းမပြည့်မီ လွှတ်တော်ဖျက်သိမ်းခြင်းမျိုးမရှိပါက လွှတ်တော်၏သက်တမ်းမှာ ၅ နှစ်ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၃၅၀ ဦးရှိပြီး ယင်းအထဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၅၀ ဦးပါဝင်ရမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံမည့်ပုဂ္ဂိုလ်သည် အနည်းဆုံးအသက် ၂၅ နှစ်ပြည့်ပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ရပါမည်။ စိတ်ပေါ့သွပ်သူဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခြင်းခံထားရသူ၊ လူမွဲဖြစ်နေသူ၊ နိုင်ငံခြားသားတစ်ဦးအဖြစ်ခံယူထားသူ၊ ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံထားရသူတို့သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိပေ။ ကိုယ်စားလှယ်တစ်ဦးသည် မဲဆန္ဒနယ်တစ်ခုတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

၁၀။ လွှတ်တော်ပထမအကြိမ်အစည်းအဝေးတွင် လွှတ်တော်သဘာပတိနှင့် ဒုတိယသဘာပတိကို လွှတ်တော်ကိုယ်စားလှယ်များထဲက ရွေးချယ်ပါသည်။ လွှတ်တော်အစည်းအဝေးအထမြောက်ရန်အတွက် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၆၀ ဦး လွှတ်တော်အစည်းအဝေးတက်ရောက်ရမည်ဖြစ်ပါသည်။[10] လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို အစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ပါသည်။

[9] Article 64 of the Constitution of Bangladesh

[10] Article 75(2) of the Constitution of Bangladesh

## တရားစီရင်ရေး

၁၁။ **တရားလွှတ်တော်ချုပ်**။[11] တရားလွှတ်တော်ချုပ်တွင် အယူခံတရားရုံး(Appellate Division) နှင့် တရားလွှတ်တော်(High Court Division)တို့ရှိသည်။ တရားလွှတ်တော်ချုပ်တွင် တရားသူကြီးချုပ်တစ်ဦးနှင့် ဌာနအလိုက်တရားသူကြီးများရှိပြီး ဌာနအလိုက် တရားသူကြီးအရေ အတွက်ကို နိုင်ငံတော်သမ္မတက လိုအပ်သလိုခန့်အပ်နိုင်ပါသည်။ တရားသူကြီးချုပ်နှင့် တရားသူကြီး များသည် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။ တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် အသက် ၆၇ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်နိုင်ပါသည်။ တရားသူကြီးချုပ်နှင့် တရားသူကြီး တစ်ဦးသည် တာဝန်ထမ်းဆောင်ခြင်းမှ နုတ်ထွက်လိုပါက နိုင်ငံတော်သမ္မတထံသို့ စာရေးသား တင်ပြနိုင်ပါသည်။ လက်ရှိ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်မှာ Mr. Syed Refaat Ahmed ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် တရားသူကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ် ပါသည်။

## တရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်များ

၁၂။ နိုင်ငံတော်သမ္မတသည် ဥပဒေဆိုင်ရာပြဿနာတစ်ရပ်ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက် ရန်အကြောင်းရှိလျှင်၊ ယင်းကိစ္စရပ်သည် အများပြည်သူနှင့်သက်ဆိုင်ပြီး အရေးကြီးသည့်ကိစ္စရပ်ဖြစ် သဖြင့် တရားလွှတ်တော်ချုပ်၏ ထင်မြင်ချက် သဘောထားကိုရယူသင့်သည်ဟုထင်မြင်လျှင် အဆိုပါ ပြဿနာကို တရားလွှတ်တော်ချုပ်၊ အယူခံတရားရုံးသို့ လွှဲအပ်နိုင်ပါသည်။ အယူခံတရားရုံးသည် ယင်းလွှဲအပ်လာသည့်ကိစ္စကို ကြားနာပြီးနောက် ၎င်း၏ထင်မြင်ချက်ကို နိုင်ငံတော်သမ္မတထံ အစီရင်ခံ ရပါသည်။[12]

၁၃။ အယူခံတရားရုံးသည် အယူခံမှုများ၊ တရားလွှတ်တော်၏ ဒီကရီများ၊ အမိန့်များ သို့မဟုတ် စီရင်ချက်များကို ကြားနာ ဆုံးဖြတ်နိုင်သည့် စီရင်ပိုင်ခွင့်တို့ရှိပါသည်။[13] တရားလွှတ်တော်၏ စီရင်ချက်၊

[11] Article 94 of the Constitution of Bangladesh

[12] Article 106 of the Constitution of Bangladesh

[13] Article 103 of the Constitution of Bangladesh

အမိန့်၊ ဒီကရီများ၊ ပြစ်ဒဏ်များအပေါ် အောက်ပါကိစ္စရပ်များအတွက် အယူခံတရားရုံးသို့ အယူခံဝင်ရောက်ခွင့်ရှိပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ အရေးပါသောဥပဒေဆိုင်ရာပြဿနာ ပေါ်ပေါက်သည့်အမှုကိစ္စ၊

(ခ) သေဒဏ် သို့မဟုတ် တစ်ကျွန်းဒဏ်ကို အတည်ပြုရန်ကိစ္စ၊

(ဂ) တရားလွှတ်တော်အား မထီမဲ့မြင်ပြုသူအပေါ် ပြစ်ဒဏ်ချမှတ်ခြင်းကိစ္စ။

၁၄။ တရားလွှတ်တော်သည် မူလမှုများကို စစ်ဆေးစီရင်ခြင်း၊ အယူခံမှုများကို စစ်ဆေးစီရင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက ပေးအပ်ထားသော စီရင်ပိုင်ခွင့်များရှိသည်။ တရားလွှတ်တော်တွင် တရားမတရားရုံးများ၊ ပြစ်မှုတရားရုံးများနှင့် အခြားအထူးတရားရုံးများ ရှိပါသည်။[14]

## စီရင်ချက်များစည်းနှောင်မှုရှိခြင်း

၁၅။ အယူခံတရားရုံးက ချမှတ်သောဆုံးဖြတ်ချက်များသည် တရားလွှတ်တော်အပေါ်စည်းနှောင်မှုရှိပြီး တရားလွှတ်တော်ကချမှတ်သော ဆုံးဖြတ်ချက်များသည် လက်အောက်ခံတရားရုံးများအားလုံးအပေါ် စည်းနှောင်မှုရှိပါသည်။[15]

## အခြားတရားရုံးများ

၁၆။ **ခရိုင်တရားရုံးများ**။ ခရိုင်တရားရုံးများတွင် တရားမတရားရုံးများ၊ ပြစ်မှုတရားရုံးများ၊ ခရိုင်စက်ရှင်တရားရုံးများ၊ ရာဇဝတ်တရားရုံးများရှိသည်။

၁၇။ **မြို့ပြ ပြစ်မှုတရားရုံးများ**။ မြို့ပြပြစ်မှုတရားရုံးများကို Dhaka မြို့၊ Chittagong မြို့၊ Rajshahi မြို့၊ Khulna မြို့၊ Sylhet မြို့ နှင့် Gazipur မြို့တို့တွင် ထားရှိသည်။

[14] Article 101 of the Constitution of Bangladesh

[15] Article 111of the Constitution of Bangladesh

၁၈။ **မြို့တော် စက်ရှင်တရားရုံးများ**။ ဒါကာမြို့တော်တွင် မြို့တော်စက်ရှင်တရားရုံး ၅ ရုံးထား ရှိပါသည်။ ယင်းတရားရုံးများသည် မြို့တော်ဧရိယာအတွင်းဖြစ်ပွားသော ပြစ်မှုဆိုင်ရာအမှုအခင်းများ ကိုသာ စစ်ဆေးစီရင်ပါသည်။

၁၉။ **အထူးတရားရုံးများနှင့်ခုံရုံးများ**။ စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးနှင့်ခုံရုံးများ၊ ငွေကြေးဆိုင်ရာ တရားရုံးများ၊ အလုပ်သမားဆိုင်ရာတရားရုံး၊ နိုင်ငံတကာနှင့်ဆိုင်သောပြစ်မှုများကိုစစ်ဆေးသော ခုံရုံးနှင့် လူမှုရေးဆိုင်ရာတရားရုံးများရှိပါသည်။






## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ် (အယူခံတရားရုံး)၏ စီရင်ချက်အမှတ်(၁၃၂၈/၂၀၂၃)ကို လေ့လာတင်ပြခြင်း

| | | |
|---|---|---|
| **တင်သွင်းသူ** | - | တရားလွှတ်တော်ရှေ့နေ Mr. M.A. Aziz Khan<br>(ကိုယ်တိုင်တက်ရောက်) |
| **လျှောက်ထားခံရသူ** | - | ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mr. Nirbachan Bhaban<br>(ရှေ့နေချုပ် Mr.A.M. Amin Uddin နှင့် တရားလွှတ်တော် ရှေ့နေ Mr.Haridas Paul တို့က ကိုယ်စားဆောင်ရွက်) |
| **ကြားနာသည့်နေ့** | - | ၁၈-၅-၂၀၂၃ |
| **စီရင်ချက်ချသည့်နေ့** | - | ၁၈-၅-၂၀၂၃ |
| **တက်ရောက်သည့်<br>တရားသူကြီးများ** | - | Chief Justice Hasan Foez Siddique<br>Justice Md. Nuruzzaman<br>Justice Obaidul Hassan<br>Justice Borhanuddin<br>Justice M. Enayetur Rahim<br>Justice Md. Ashfaqul Islam<br>Justice Md. Abu Zafor Siddique |

### တင်သွင်းလွှာအကြောင်းအရာအကျဉ်းချုပ်

၂၀။ ဤတင်သွင်းလွှာသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၀၂ (၂) (ခ)အရ တရားလွှတ်တော်ရှေ့နေ Mr. M.A. Aziz Khan က တရားလွှတ်တော်သို့တင်သွင်းခဲ့သည့် တင်သွင်းလွှာအမှတ် ၃၁၈၅/၂၀၂၃ ကို တရားလွှတ်တော်က ပလပ်ခဲ့သဖြင့် တရားလွှတ်တော်ချုပ်၊ အယူခံတရားရုံးသို့ အယူခံတင်သွင်းခြင်းဖြစ်ပါသည်။

## တင်သွင်းလွှာတင်သွင်းသူ၏အဓိကတင်ပြချက်

၂၁။ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတလောင်းဖြစ်သည့် မစ္စတာ ဆာဟာဗုတ်ဒင် (Mr. Shahabuddin) သည် ၁၉၉၁ ခုနှစ် သမ္မတ ရွေးကောက်ပွဲအက်ဥပဒေ ပုဒ်မ ၇ အရ သမ္မတလောင်း၏ အရည်အချင်းများနှင့် ကိုက်ညီသဖြင့် သမ္မတလောင်းအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ၁၃-၂-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇.၀၀.၀၀၀၀.၀၃၄.၃၄. ၀၂၅.၂၂-၁၁၉ ဖြင့်ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မစ္စတာ ဆာဟာဗုတ်ဒင် သည် ယခင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ရာထူးတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် သမ္မတလောင်းအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် ယင်းကြေညာချက်ကို ပယ်ဖျက်ပေးရန်ဖြစ်ကြောင်း တင်သွင်းလွှာတင်သွင်းသူက အဓိကအားဖြင့် တင်ပြခဲ့ပါသည်။

## တင်သွင်းလွှာတင်သွင်းသူ၏ တင်ပြချက်များ

၂၂။ တင်သွင်းလွှာတင်သွင်းသူ၏ တင်ပြချက်တွင် အောက်ပါအချက်များကိုလည်း တွေ့ရှိရပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ၁၉၉၁ ခုနှစ်၊ သမ္မတရွေးကောက်ပွဲအက်ဥပဒေပုဒ်မ ၇ အရ သမ္မတလောင်း အမည်စာရင်း တင်သွင်းလွှာကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၁၉(၂) (က)နှင့်အညီ စစ်ဆေး ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် သမ္မတတစ်ဦးအတွက်သတ်မှတ်ထားသောအရည်အချင်းနှင့် မကိုက်ညီသူ မစ္စတာဆာဟာဗုတ်ဒင် ကို သမ္မတလောင်းအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာသည် ဥပဒေနှင့်မညီကြောင်း၊

(ခ) ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် “ခန့်အပ်ခြင်း(appoint)” နှင့် “ရွေးကောက်တင်မြှောက်ခြင်း(elect)” စကားလုံးများကို အနက်အဓိပ္ပာယ်တူစကားလုံးများအဖြစ် အဓိပ္ပာယ်ကောက်ယူမှုလွဲမှားခဲ့ကြောင်း၊ “ရာထူး(post)” သို့မဟုတ် “ရုံးဌာန (office)” တစ်ခုတွင် တာဝန်ထမ်းဆောင်ခြင်းကဲ့သို့ အဓိပ္ပာယ်သက်ရောက်သည့် သဘော သုံးနှုန်းကောက်ယူရန်လိုကြောင်း။

၂၃။ မစ္စတာ ဆာဟာဇုတ်ဒင်သည် ယခင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တွင် **ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ခြင်းကြောင့်** သမ္မတရာထူးနေရာအတွက် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူမဟုတ်ပါကြောင်းကိုလည်း ထည့်သွင်းတင်ပြခဲ့ပါသည်။

## အယူခံတရားရုံး၏ သုံးသပ်ချက်

၂၄။ တင်သွင်းလွှာနှင့်စပ်လျဉ်း၍ အယူခံတရားရုံးက သက်ဆိုင်ရာဥပဒေအချို့ကို အောက်ပါအတိုင်း ကိုးကား သုံးသပ်ခဲ့ပါသည်-

"ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မည်သူမဆို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၈ အပိုဒ်ခွဲ ၄ အရ သမ္မတလောင်းတစ်ဦးအတွက်ရှိရမည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံရမည်ဖြစ်သည်။ ယင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အနည်းဆုံးအသက် ၃၅ နှစ်ပြည့်ပြီးသူ၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက်သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဂ) စွပ်စွဲပြစ်တင်ခြင်းခံရ၍ရာထူးမှ ထုတ်ပယ်ခြင်းမခံရဖူးသူ။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အရည်အချင်း သတ်မှတ်ချက်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ပြီး အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၆၆ အပိုင်ခွဲ (၁)တွင် ပြဋ္ဌာန်းထားသည်၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံပိုင်ခွင့်မရှိသူ သို့မဟုတ် အရည်အချင်း မပြည့်မီခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေအပိုဒ် ၆၆ အပိုဒ်ခွဲ (၂)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

(က) စိတ်ပေါ့သွပ်သူဖြစ်ကြောင်း တရားရုံးကကြေညာခြင်းခံထားရသူ၊

(ခ) လူမွဲအဖြစ်ကြေညာခြင်းခံထားရသူ၊

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခု၏ နိုင်ငံသားဖြစ်ခွင့်ခံယူထားသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ သစ္စာခံဖြစ်ကြောင်း အတည်ပြု အသိအမှတ်ပြုထားသူ၊

(ဃ) ကိုယ်ကျင့်တရားပျက်ပြားမှုကြောင့် ကျူးလွန်သောပြစ်မှုအတွက် ပြစ်မှုထင်ရှား စီရင်ခံရပြီး အနည်းဆုံးထောင်ဒဏ် ၂ နှစ်နှင့် ၅ နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ခြင်း ခံရဖူးသူ၊

(င) ဘင်္ဂလားဒေ့ရှ်နိုင်ငံပူးပေါင်းဆောင်ရွက်သူများ(အထူးတရားရုံးများ)(Bangladesh Collaborators - Special Tribunals)၏ ၁၉၇၂ခုနှစ် အမိန့်အရ ပြစ်မှု တစ်ရပ်ရပ်ကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရဖူးသူ၊

(စ) ခံစားခွင့်ရသည့် အခြားရုံးဌာနများတွင် တာဝန်ထမ်းဆောင်နေသူ၊

(ဆ) ဥပဒေတစ်ရပ်ရပ်အရ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အချင်း မပြည့်မီသူ။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်း ထုတ်ပြန် ကြေညာပြီးနောက် ယင်းလွှတ်တော်ကိုယ်စားလှယ်သည် အရည်အချင်းသတ်မှတ်ချက်နှင့်မပြည့်မီသောကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဖြစ်ခွင့် ရှိမရှိ အငြင်းပွားမှု ပေါ်ပေါက်လာပါက ယင်းအငြင်းပွားမှုကို ကြားနာဆုံးဖြတ်ရန် ရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးပြီး ရွေးကောက်ပွဲကော်မရှင်က အဆုံးအဖြတ်ပြုသင့်သည်၊ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များ အပြည့်အဝ အကျိုးသက်ရောက်မှုရှိစေရန် လွှတ်တော်က လိုအပ်သောဥပဒေများပြဋ္ဌာန်းပြီး ရွေးကောက်ပွဲကော်မရှင်ကို အခွင့်အာဏာပေးသင့်သည်။

**မစ္စတာ ဆာဟာ ဗုတ်ဒင် သည် ခံစားခွင့်ရရှိသောရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သဖြင့် သမ္မတရာထူးအတွက် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် အရည်အချင်းမပြည့်မီကြောင်း တင်သွင်းလွှာ တင်သွင်းသူက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥပဒေပုဒ်မ ၉ ပြဋ္ဌာန်းချက်အရ လျှောက်ထားခြင်းဖြစ်သည်။**

၂၅။ အယူခံတရားရုံးက အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အချို့နှင့် အမှုအချို့ကိုလည်း အောက်ပါအတိုင်း ကိုးကား သုံးသပ်ခဲ့ပါသည်-

အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၈ (၁)တွင်လည်း “အိန္ဒိယနိုင်ငံသား မဟုတ်သူ၊ အသက် ၃၅ နှစ်မပြည့်သေးသူ၊ လွှတ်တော်ကိုယ်စားလှယ်အတွက်သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံသူတို့သည် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်းပြဋ္ဌာန်းထားသည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၈ (၂)တွင် ပုဂ္ဂိုလ်တစ်ဦးသည် အိန္ဒိယနိုင်ငံအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရ၏လက်အောက်ခံ သို့မဟုတ် ဒေသဆိုင်ရာ သို့မဟုတ် အခြားအခွင့်အာဏာတစ်ခုခုအောက်ရှိ ခံစားခွင့်တစ်ခုခု ရရှိသော မည်သည့်ဌာနတွင်မဆို တာဝန်ထမ်းဆောင်နေသူဖြစ်ပါက သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားသည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၈ တွင် ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဖြစ်သည့်အခါ ခံစားခွင့်ရရှိသောရုံးတွင် တာဝန်ထမ်းဆောင်နေသူဟု မှတ်ယူခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ခံစားခွင့်ရရှိသော ရုံးဌာနနှင့်စပ်လျဉ်းသော ဝေါဟာရအသုံးအနှုန်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ၁၉၈၇ ခုနှစ်၊ အထွေထွေစကားရပ်များ အက်ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အတိအကျ ဖွင့်ဆိုဖော်ပြထားခြင်းမရှိပေ။ ထို့ကြောင့် ဤဝေါဟာရအသုံးအနှုန်းသည် တရားစီရင်ရေးဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုကြရာတွင် မတူကွဲပြားမှုများထွက်ပေါ်လာရသည်။ ဤအသုံးအနှုန်းကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အကြောင်း **ကိစ္စရပ်တစ်ခုချင်းစီ၏ အချက်အလက်နှင့် အခြေအနေတို့အပေါ်မူတည်**ပြီး ကွဲပြားစွာ ဖွင့်ဆိုကြပေသည်။

ဥပမာအနေဖြင့် အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်၏ အမှုတစ်မှုကို ထပ်မံကိုးကားခဲ့ရာတွင် “အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်၏ အမှုအမှတ် ၃၇၂/ ၂၀၁၃ (Purno Agitok Sangma နှင့် Pranab Mukherjee အမှု) တွင် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းရာ၌ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူသည် ခံစားခွင့်ရရှိသောရုံးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိနေခြင်းကြောင့် ယင်းပုဂ္ဂိုလ်သည် သမ္မတလောင်းအဖြစ် ဝင်ရောက်ရွေးချယ်ခံခွင့်မရှိကြောင်း တရားလွှတ်တော်ချုပ်သို့

ကန့်ကွက်လွှာတင်သွင်းသည့်အမှုတစ်မှု ပေါ်ပေါက်ခဲ့သည်။ ကန့်ကွက်ခံရသူအနေဖြင့် အစိုးရလက်အောက်ရှိ စာရင်းအင်းအဖွဲ့အစည်းဥက္ကဋ္ဌရာထူးတွင် မည်သည့်လစာ သို့မဟုတ် အခြားမည်သည့် အကျိုးခံစားခွင့်ကိုမျှ ခံစားရယူခြင်းမရှိခဲ့သည့်အတွက် ယင်းသို့ တာဝန်ထမ်းဆောင်ခဲ့ခြင်းသည် ခံစားခွင့်ရရှိသော ရုံးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူမဟုတ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အမှန်တွင်လည်း ၎င်းတာဝန် ထမ်းဆောင်ခဲ့သော ရုံးဌာနသည် ခံစားခွင့်ရရှိနိုင်သည့် ရုံးတစ်ရုံး မဟုတ်သကဲ့သို့ ရာထူးသည်လည်း ခံစားခွင့်ရရှိသည့် ရာထူးတစ်ခုမဟုတ်ပေ။ အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်က "ရုံးဌာန" ဟူသည် အမြဲတမ်းတည်မြဲသော အလုပ်အကိုင်ဌာနတစ်ခုတွင် လုပ်ကိုင်နေသောအလုပ်ဖြစ် သည်ဟု ရှင်းလင်းစွာသတ်မှတ်ခဲ့သည်။ အိန္ဒိယစာရင်းအင်း အဖွဲ့အစည်းအနေဖြင့် စာရင်းအင်းအဖွဲ့ဥက္ကဋ္ဌရာထူးရှိသူအား နေရာထိုင်ခင်း၊ အဆောင်အယောင်ယာဉ်မောင်း စသည်တို့ကို ခံစားခွင့်တစ်ရပ်အနေဖြင့်ပေးအပ်ထားခြင်းမဟုတ်ဘဲ လေးစားမှုဖြင့်ပေးအပ်ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားခံရသူသည် ခံစားခွင့်ရရှိသောရုံးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူမဟုတ်ကြောင်း အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည်။

ဆက်လက်၍ သုံးသပ်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၁၈၉၇ ခုနှစ်၊ အထွေထွေ စည်းမျဉ်းများအက်ဥပဒေ ပုဒ်မ ၃(၅၀) တွင် "နိုင်ငံတော် အစိုးရဌာန(the service of the Republic)" ဟူသည်မှာ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာဌာနအားလုံးနှင့် ဥပဒေဖြင့်ထုတ်ပြန်ကြေညာထားသော အခြားရုံးဌာနများကို ဆိုလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၂ တွင်လည်း အလားတူ ပင်ပြဋ္ဌာန်းထားကြောင်း၊ သို့သော်လည်း Durniti Domon Commission Ain တွင် "the service of the Republic" ၏အဓိပ္ပာယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဖွင့်ဆိုချက်နှင့်ကွဲလွဲ၍ အခြားအဓိပ္ပာယ်ကို ဖွင့်ဆိုထားခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဖွင့်ဆိုချက်များထက် ပိုမိုဖွင့်ဆိုထားခြင်းများသည် နိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်ရာ ရောက်ပေသည်။

နိုင်ငံတော်သမ္မတရာထူးသည် ခံစားခွင့်ရရှိသော ရာထူးဟုတ်မဟုတ်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုင်း ၉ မှ ၁၂ ထိကို ကျွန်ုပ်တို့အနေဖြင့် သေချာလေ့လာရန်လိုအပ်သည်။ အစိုးရဌာန ဝန်ထမ်းများခန့်အပ်ခြင်းနှင့် ဝန်ထမ်းတို့၏ အဆင့်အတန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ ပြဋ္ဌာန်း

ပေးခြင်းကို လွှတ်တော်က ဆောင်ရွက်နိုင်ပြီး နိုင်ငံတော် သမ္မတက စည်းမျဉ်း စည်းကမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်နိုင်ပေသည်။ ယင်းကဲ့သို့ နိုင်ငံတော်သမ္မတ၏ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်မှုကို အထူးစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေပြုခြင်းဟု ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်တွင် ခေါ်ဆိုကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၄၀ အရ ပြည်သူ့ဝန်ထမ်းကော်မရှင်၏ အရာထမ်းများကို ခန့်အပ်ထားခြင်းဖြစ်သည်။ ယင်းကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေအပိုဒ် ၁၃၈ အရ နိုင်ငံတော်သမ္မတက ခန့်အပ်ထားခြင်းပင်ဖြစ်သည်။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော် အစိုးရဌာနများတွင် တာဝန် ထမ်းဆောင်နေသူအားလုံးကို ခန့်အပ်ပေးလျက်ရှိသည်။ အကယ်၍ အစိုးရဌာနများရှိ တာဝန်ထမ်းဆောင်သူများကို နိုင်ငံတော်သမ္မတ က ဥပဒေနှင့်အညီခန့်အပ်ခဲ့ခြင်းဖြစ်ပါက ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၃၄ နှင့်အညီ ၎င်းတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရမည်ဖြစ်သည်။

## အယူခံတရားရုံး၏ ခြုံငုံသုံးသပ်ချက်

၂၆။ အထက်ပါအချက်များအရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတလောင်းတစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် သတ်မှတ်ထားသော အရည်အချင်းများရှိရန်လိုအပ်သည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ခံစားခွင့်ရရှိသော မည်သည့်အစိုးရဌာနတွင်မဆို တစ်ပြိုင်နက်တည်း တာဝန် ထမ်းဆောင်ခွင့်မရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၅၂ ပါ ပြဋ္ဌာန်းချက်များအရ အစိုးရဌာန“the service of the Republic”ဆိုသည်မှာ “အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့၏ ဌာနအားလုံးနှင့် ဥပဒေဖြင့်ထုတ်ပြန်ကြေညာထားသော အခြားရုံးဌာနများကို ဆိုလိုသည်။ သမ္မတလောင်း မစ္စတာဆာဟာ ဗုတ်ဒင် သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၅၂ အရ ခံစားခွင့်ရရှိသော မည်သည့်ရုံးဌာနတွင်မှ လုပ်ကိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။ **သို့ဖြစ်၍ သမ္မတလောင်း မစ္စတာဆာဟာ ဗုတ်ဒင် သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတွင်ရှိရမည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူဖြစ်သည်။** ခံစားခွင့်ရရှိသော မည်သည့်ရုံးဌာနအတွက်မဆို ဝန်ထမ်းခန့်အပ်ခြင်းသည် အစိုးရ၏အခွင့် အာဏာပင်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေကို ဝန်ထမ်းများသို့ပေးအပ်ခြင်းသည်လည်း အစိုးရ၏ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ပင်ဖြစ်ပေသည်။ အစိုးရသည် နိုင်ငံတော်သမ္မတကို ခန့်အပ်နိုင်ခြင်းမရှိပေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေအပိုဒ် ၅၂၊ ၅၃တို့အရ လွှတ်တော်က နိုင်ငံတော်သမ္မတကို စွပ်စွဲပြစ်တင်၍ ရာထူးမှ ဖယ်ရှားနိုင်ခြင်း

နည်းလမ်းဖြင့် နိုင်ငံတော်သမ္မတကို ထိန်းညှိထားပါကြောင်း၊ အစိုးရသည် နိုင်ငံတော်သမ္မတ ကို ရာထူးမှဖယ်ရှားမှုမပြုနိုင်ပါကြောင်း၊ ထို့ကြောင့် အစိုးရက နိုင်ငံတော်သမ္မတအပေါ် ထိန်းချုပ်နိုင်မှုအနေအထားအရဆိုပါလျှင် နိုင်ငံတော်သမ္မတရုံးသည် ခံစားခွင့်ရှိသော ရုံးမဟုတ်သဖြင့် နိုင်ငံတော်သမ္မတ၏ရာထူးသည်လည်း ခံစားခွင့်ရရှိသော ရာထူးဖြစ်သည်ဟု မသတ်မှတ်နိုင်ကြောင်း တွေ့ရှိရသည်။ Abu Bakkar Siddique Vs. Justice Shahabuddin Ahmed (49 DLR (HCD) page 1.) အမှုကိစ္စတွင်လည်း အလားတူရှုထောင့်မျိုးဖြင့် အသိအမှတ်ပြုလက်ခံထားပေသည်။ ယခုအမှုကိစ္စရပ်တွင်လည်း နိုင်ငံတော်သမ္မတ၏ရာထူးသည် အစိုးရဌာနဝန်ထမ်းများ၏ ရာထူးမဟုတ်ကြောင်း တရားရုံးကအခိုင်အမာ ရှုမြင် သုံးသပ်ရရှိပါသည်။

၂၇။ ဤအမှုကိစ္စရပ်သည် ရွေးကောက်ပွဲရလာဒ်အပေါ်မကျေနပ်သဖြင့် တင်သွင်းလွှာ တင်သွင်းခဲ့သူနှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့အကြား ဖြစ်ပေါ်သောအမှုကိစ္စဖြစ်သည်။ Jyoti Basu and others V. Debi Ghosal (AIR 1982 SC 983) အမှု၊ Ponnuswami V. Returning Officer (AIR 1982 SC 983)အမှုနှင့် Jagan Nath V. Jaswant Singh (1982 SCC Vol. page 691) အမှုတို့တွင် “ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ရွေးကောက်ပွဲရလဒ်အပေါ်မကျေနပ်ပါကတိုင်လျှောက်ခွင့်”တို့နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေတို့အရ တရားရုံး က ထင်မြင်ချက်ပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဤအမှုကိစ္စရပ်အပေါ် တရားရုံးအနေဖြင့် အတိအကျ သတ်မှတ် ဆုံးဖြတ်ပေးနိုင်ရန် အထက်တွင်ဖော်ပြခဲ့သောအချက်အလက်များမှ ဤအမှုကိစ္စရပ်နှင့်စပ်ဆိုင်မည့် အချက်အလက်များကို တတ်နိုင်သမျှ စုစည်း သုံးသပ်ခဲ့သည်။

၂၈။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်သည် ဒီမိုကရေစီစနစ်၏ အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သည်။ ဤအခွင့်အရေးသည် အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်သည်သာမကပဲ ရေးထုံးတမ်းဥပဒေ၏ အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။ ဤအချက်သည် ရရှိခွင့်ရှိသောအခွင့် အရေးဖြစ်သည်မှာ ထင်ရှားပေသည်။ ထို့ကြောင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးကောက်ပွဲအပေါ်တိုင် လျှောက်ခွင့်လည်းရှိသည်။ Charan Lal Sahu V. Shri Fakharuddin Ali Ahmed (reported in AIR 1975 SC 1288) အမှုတွင် ရွေးကောက်ပွဲသို့ဝင်ရောက် ရွေးချယ်ခံရန် ဆောင်ရွက်ဆဲအချိန်ဖြစ်သဖြင့် ရွေးကောက်ပွဲဆိုင်ရာတင်သွင်းလွှာကို တင်သွင်းခွင့်မရှိကြောင်း တင်သွင်းလွှာ ကို ပယ်ချခဲ့ပေသည်။

၂၉။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်သမ္မတရွေးကောက်ပွဲအပေါ် မကျေနပ်မှုကြောင့် တင်သွင်းလွှာ တင်သွင်းလျှောက်ထားလာခြင်းသည် စိတ်မကောင်းစရာတစ်ရပ်ဖြစ်ပြီး မထီ

မဲ့မြင်သဘောဖြင့်တင်သွင်းလွှာမတင်သွင်းသင့်ပေ။ တင်သွင်းလွှာတင်သွင်းသူအနေဖြင့် ရွေးကောက်ပွဲရလဒ်အပေါ် ဝင်ရောက်စွက်ဖက်သည့်ပြောကြားချက်များကို ၎င်း၏လျှောက်လဲချက်တွင် တွေ့ရသည်။ များပြားသော ပြည်သူလူထုနှင့်သက်ဆိုင်သည့် ချဉ်းကပ်ဆောင်ရွက်မှုတိုင်းသည် ထိလွယ်ရှလွယ်ရှိသဖြင့် ပေါ့ပေါ့ ဆဆဖြင့် ရှင်းလင်းချက်ပြု၍မရပေ။

## အယူခံတရားရုံး၏ စီရင်ချက်အမိန့်

၃၀။ သို့ဖြစ်၍ ဤတင်သွင်းလွှာကို ပလပ်လိုက်သည်။ တင်သွင်းလွှာ တင်သွင်းသူသည် တာကာငွေ တစ်သိန်းကို ပေးဆောင်ရမည်။ ပေးဆောင်ရမည့်ငွေကို ဤအမိန့်လက်ခံရရှိသည့်နေ့မှစ၍ ၂ ပါတ်အတွင်း သက်ဆိုင်ရာ ဘဏ္ဍာရေးဌာနအကြီးအကဲထံသို့ ပေးဆောင်ရမည်။

## လေ့လာ တင်ပြချက်

၃၁။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုတည်းသာရှိခဲ့ကြောင်းတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားကိစ္စရပ်များကို တရားလွှတ်တော်ချုပ်ကသာ စီရင်ဆုံးဖြတ်ပေးပါသည်။ ယခုတင်သွင်းလွှာသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ ပြုလုပ်ခဲ့သော နိုင်ငံတော်သမ္မတရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာသော တင်သွင်းလွှာဖြစ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ်အဖြစ် ဦးတည်တိုင်လျှောက်ခဲ့ခြင်းဖြစ်သော်လည်း မစ္စတာ ဆာဟာဗုတ်ဒင် သမ္မတလောင်းအဖြစ်ရွေးကောက်တင်မြှောက်ခံရမှုကို ကန့်ကွက်လို၍သာ လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ မစ္စတာ ဆာဟာဗုတ်ဒင်သည် Awami League Parliamentary Party မှဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစတင်ပြီး လက်ရှိအချိန်အထိ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်နေသူဖြစ်ပါသည်။ Awami League Parliamentary Party သည် လက်ရှိအချိန်တွင် အာဏာရပါတီတစ်ခုလည်းဖြစ်ပါသည်။ လက်ရှိ သမ္မတ မစ္စတာ ဆာဟာဗုတ်ဒင်ကို ကန့်ကွက်ခဲ့သည့်အတိုက်အခံပါတီမှာ Jatiya Party-JaPa (Ershad)ပါတီဖြစ်ပါသည်။

၃၂။ သမ္မတာဝန်ထမ်းဆောင်မည့်သူသည် သမ္မတတစ်ဦးအတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့် ကိုက်ညီမှုမရှိဟူသောအချက်ကို တင်သွင်းလွှာတင်သွင်းသူက အဓိကထားတင်ပြခဲ့ခြင်းဖြစ်ပါသည်။ သမ္မတတစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်များအတွက်သတ်မှတ်ထားသော အရည်အချင်းများနှင့်လည်းပြည့်စုံရပါမည်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထား

သောအရည်အချင်းများတွင် "ခံစားခွင့်ရရှိသော အခြားရုံးဌာနတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ"ဟူသောအချက်ဖြင့် ထောက်ပြကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ မစ္စတာ ဆာဟာဗုတ်ဒင် သည် ယခင်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက် ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ မစ္စတာ ဆာဟာဗုတ်ဒင်သည် သမ္မတအဖြစ်ရွေးကောက်ခံရချိန်တွင် ယင်းကော်မရှင်တွင် တာဝန်ထမ်းဆောင်ဆဲမဟုတ်သော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥပဒေပုဒ်မ ၉ အရ ကန့်ကွက်ရခြင်းဖြစ်ကြောင်း တင်သွင်းလွှာ တင်သွင်းသူ၏ တင်ပြချက်တစ်ရပ်ကိုလည်းတွေ့ရပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥပဒေပုဒ်မ ၉ မှာ **"ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ပြီးသည့်ပုဂ္ဂိုလ်သည် ခံစားခွင့်ရရှိသော မည်သည့်ရုံးဌာနတွင်မှ တာဝန်မထမ်းဆောင်ရ"** ဟူသောပြဋ္ဌာန်းချက်ဖြစ်ပါသည်။

၃၃။ ထို့ကြောင့် အယူခံတရားရုံးသည် မစ္စတာဆာဟာဗုတ်ဒင်အနေဖြင့် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည့်ရာထူးသည် "ခံစားခွင့်ရှိသော ရုံးဌာန"ဟုတ်မဟုတ်ဟူသောအချက်ကိုလည်း ထည့်သွင်းသုံးသပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မစ္စတာ ဆာဟာဗုတ်ဒင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့စဉ်က ၎င်းအားနိုင်ငံတော်က ပေးအပ်ထားမှုများသည် အစိုးရက ၎င်း၏ကိုယ်ပိုင်စီမံခန့်ခွဲပိုင်ခွင့်အရ ချီးမြှင့်သည့်သဘောဖြင့်ပေးအပ်ထားခြင်းဖြစ်သဖြင့် ခံစားခွင့်ရရှိသည့်ရုံးဌာနမဟုတ်ကြောင်းလည်း သုံးသပ်ထားပါသည်။ အလားတူပင် နိုင်ငံတော်သမ္မတ၏ရုံးဌာနသည်လည်း ခံစားခွင့်ရရှိနေသော ရာထူးဌာနဟုတ်မဟုတ်ကိုပါ ယခင်က ဆုံးဖြတ်ခဲ့ဖူးသော အမှုစီရင်ချက်အချို့ဖြင့် ချိန်ထိုး သုံးသပ်ပြခဲ့ရာတွင် သမ္မတရာထူး အပါအဝင် အစိုးရရုံးဌာနအားလုံးတွင် တာဝန်ထမ်းဆောင်နေသူဝန်ထမ်းအားလုံးသည် ခံစားခွင့်ရရှိနေသူများမဟုတ်ကြဘဲ အစိုးရက ထောက်ပံ့ပေးနေရသူများဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

၃၄။ ထို့ကြောင့် မစ္စတာ ဆာဟာဗုတ်ဒင်သည် **ယခင်က ခံစားခွင့်ရရှိသောရာထူး၊ ရုံးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူမဟုတ်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူဖြစ်ခြင်း၊ သမ္မတရုံးသည် ခံစားခွင့်ရှိသောရုံးဌာနမဟုတ်ခြင်းကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥပဒေ ပုဒ်မ ၉ နှင့်လည်း ငြိစွန်းမှုမရှိခြင်းတို့ကြောင့် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးဖြစ်သဖြင့်** တင်သွင်းလွှာကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၅။ ယခုစီရင်ချက်တစ်ခုလုံးကိုလေ့လာကြည့်သည့်အခါ တင်သွင်းလွှာတင်သွင်းသူ၏တင်ပြချက်နှင့် တရားလွှတ်တော်ချုပ်၏သုံးသပ်ချက်၊ စီရင်ဆုံးဖြတ်ချက်တို့ကိုသာတွေ့ရှိရပြီး ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ်ဖြစ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကိုယ်စားတက်ရောက်လာသူများက ရှင်းလင်းတင်ပြမှုမျိုး မတွေ့ရှိရပါ။ ယခုတင်သွင်းလွှာနှင့်အလားတူသော အမှုနမူနာအဖြစ် အိန္ဒိယနိုင်ငံတရားလွှတ်တော်ချုပ်၏ သုံးသပ် ဆုံးဖြတ်ချက်များနှင့် အိန္ဒိယနိုင်ငံဥပဒေအချို့ကိုလည်း အယူခံတရားရုံး ကိုးကားခဲ့ကြောင်းတွေ့ရှိရပါသည်။ ဤတင်သွင်းလွှာ၏စီရင်ချက်တွင် အယူခံတရားရုံးအနေဖြင့် "နိုင်ငံတော်အစိုးရဌာန" "ရုံးဌာန" "ခံစားခွင့်ရှိသောရုံးဌာန၊ ခံစားခွင့်ရရှိသောရာထူး" စသည့် စကားရပ်များ၏အဓိပ္ပာယ်ကို အဓိက ရှင်းလင်း ဖော်ပြခဲ့သည်။

## မြန်မာနိုင်ငံနှင့် နှိုင်းယှဥ် လေ့လာတင်ပြချက်

၃၆။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ရွေးကောက်ပွဲအငြင်းပွားမှုများကိုဖြေရှင်းဆုံးဖြတ်ပေးနိုင်သည့်လုပ်ပိုင်ခွင့်ကို ရွေးကောက်ပွဲကော်မရှင်သို့ပေးအပ်ထားမှုမရှိဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်မူ ဤအခွင့်အာဏာကို ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉(ဆ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ပေးအပ်ထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရွေးကောက်ပွဲဆိုင်ရာအမှုပေါင်းအနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာအမှုပေါင်း ၂၉ မှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၄၅ မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၂၈၇ မှုရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။[16] မြန်မာနိုင်ငံတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခွင့်၊ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံတင်သွင်းခွင့်၊ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု တင်သွင်းခွင့်တို့ရှိပါသည်။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊ နိုင်ငံရေးပါတီဆိုင်ရာဥပဒေအရဆောင်ရွက်သောကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင်ပြဋ္ဌာန်းထားပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင်မူ ဤကဲ့သို့ လုပ်ပိုင်ခွင့်မျိုး ရွေးကောက်ပွဲကော်မရှင်တွင်မရှိသဖြင့် လွှတ်တော်က လိုအပ်သောဥပဒေများ ပြဋ္ဌာန်း

[16] https://www.uec.gov.mm/pages.php?pagename

၍ ရွေးကောက်ပွဲကော်မရှင်ကို အခွင့်အာဏာပေးသင့်ကြောင်း ဤအမှုတွင် ထည့်သွင်း သုံးသပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၃၇။ မြန်မာနိုင်ငံ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့သောအမှုများအနက် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီး လျှောက်ထားခဲ့သောအမှုတစ်မှုဖြစ်သော ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ဦးသန့်ဇင်တို့၏အမှုကို အကျဉ်းချုပ်တင်ပြသွားပါမည်။ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဦးသန့်ဇင်သည် ထောက်ခံမဲများရရှိရန် မတရားဆောင်ရွက်ခဲ့သဖြင့် ၎င်းအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းကို ပယ်ဖျက်ပေးရန် ဒေါ်ချိုချိုငြိမ်းက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားသောအမှုဖြစ်ပါသည်။ ယင်းလျှောက်ထားမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် မူလရွေးကောက်ပွဲခုံအဖွဲ့က ဦးသန့်ဇင်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် ဒေါ်ချိုချိုငြိမ်းက ပြည်ထောင်စုရွေး ကောက်ပွဲ ကော်မရှင်သို့ ပြင်ဆင်မှုထပ်မံ လျှောက်ထားခဲ့ပါသည်။ သို့သော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးက မူလခုံအဖွဲ့၏ဆုံးဖြတ်ချက်ကိုပင် အတည်ပြုပြီး လျှောက်ထားသူ၏ပြင်ဆင်မှုကို တရားစရိတ်နှင့်တကွ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။[17]

၃၈။ ၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လျှောက်ထားခဲ့သော ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုတစ်မှုကို အကျဉ်းချုပ်တင်ပြသွားပါမည်။ ဦးနေမျိုးအောင်နှင့် ဦးသန်းထိုက်အောင်တို့၏ အမှုဖြစ်သည်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁/၂၀၁၈)တွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်အပေါ် အယူခံမှုတင်သွင်းခြင်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သောကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးနေမျိုးအောင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးသန်းထိုက်အောင်တို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ဦးနေမျိုးအောင်က ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။ ထိုသို့ရွေးကောက်တင်မြှောက်ခံရခြင်းမှာ တရားမဲ့ပြုကျင့်မှုများကြောင့်ဖြစ်ကြောင်း ဦးသန်းထိုက်အောင်က ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့(၁)က စုံစမ်းစစ်ဆေးခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးနေမျိုးအောင် ကို ရွေးကောက်တင်မြှောက်ခြင်းသည် **တရားမဝင်ပျက်ပြယ်**

[17] https://www.uec.gov.mm/show_data_content.php?

**ကြောင်း** ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ဤဆုံးဖြတ်ချက်အပေါ် ဦးနေမျိုးအောင်ကမကျေနပ်သဖြင့် အယူခံမှုတင် သွင်းခဲ့သည်။ သို့သော်လည်း မူလရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ဆုံးဖြတ်ချက်များအပေါ် အယူခံခုံရုံးက ဝင်ရောက် စွက်ဖက်ပြင်ဆင်ရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်မှုမရှိသောကြောင့် အယူခံ လျှောက်ထားမှုကို ပလပ်လိုက်သည် ဟု ဆုံးဖြတ်သည့်အမိန့် ချမှတ်ခဲ့ပါသည်။[18]

## နိဂုံး

၃၉။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်ကာ နိုင်ငံဧရိယာအကျယ်အဝန်းနှင့် လူဦးရေအနေအထားအရ လူဦးရေတိုးပွားမှု များပြားသောနိုင်ငံ၊ လူဦးရေသိပ်သည်းဆများသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တည်ထောင်ထားမှုမရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သောအမှုကိစ္စရပ်များကို တရားလွှတ်တော်ချုပ်ကစီရင်ဆုံးဖြတ်ပေးနေမှုများနှင့် တရားလွှတ်တော်ချုပ်၏ သုံးသပ်သည့်ပုံများ၊ စီရင်ချက်ချမှတ်ပုံများကို လေ့လာသိရှိခဲ့ရပါသည်။ ဤစာတမ်းကို လေ့လာပြုစုတင်ပြရခြင်းကြောင့် အခြားနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ အချုပ်အခြာအာဏာခွဲဝေကျင့်သုံးပုံ၊ သမ္မတတစ်ဦးကို သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီကြောင်း တရားရုံးသို့တင်ပြလျှောက်ထားပုံ၊ တရားရုံး၏ သုံးသပ်ဆုံးဖြတ်ပုံတို့ကို လေ့လာသိရှိခဲ့ရသောကြောင့် အကျိုးကျေးဇူးများစွာရရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

[18] https://www.uec.gov.mm/show_data_content.php?

## ကျမ်းကိုးစာရင်း

၁။ Bangladesh's Constitution of 1972, Reinstated in 1986, with Amendments through 2014.

၂။ JUDGMENT OF SUPREME COURT OF BANGLADESH APPELLATE DIVISION.

၃။ https://en.wikipedia.org/wiki/Presidential_elections_in_Bangladesh.

၄။ https://www.britannica.com/place/Bangladesh/Education.

၅။ Anti-corruption Commission Act, 2004 of Bangladesh.

၆။ https://www.uec.gov.mm/show_data_content.php.

၇။ https://www.uec.gov.mm/show_data_content.php?.

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ တရားလွှတ်တော်ချုပ်၏ စီရင်ချက်အမှတ်(၁၃၂၈/၂၀၂၃)ကို လေ့လာတင်ပြခြင်း

လေ့လာတင်ပြသူများ


ဦးအောင်ကျော်စိုး
ညွှန်ကြားရေးမှူး
(ရုံးအဖွဲ့)

ဒေါ်ဂျူနိုကိုလေး
ရုံးအုပ်
(စီမံရေးရာဌာနခွဲ)


၁၀-၁၀-၂၀၂၄